# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# [ ၈–၅–၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီတွင် ကော်မတီအဖွဲ့ဝင် အစားထိုး လဲလှယ် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်ဖြူဖြူသင်း၊ မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ်၏ **အမျိုးသား မှတ်ပုံတင်ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ကိုယ်ရေး အချက်အလက်မှတ်တမ်းဖိုင်တွဲများအား လက်ရှိအသုံးပြုလျက် ရှိသော စနစ်မှ Digital စနစ်သို့ အမြန်ဆုံးပြောင်းလဲပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **မိုင်းပန်မြို့ရှိ မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် (၄)ခန်းတွဲ နှစ်ထပ် (RC) သွပ်မိုး ဝန်ထမ်းအိမ်ရာ (၁)လုံးအား ဌာနပိုင်မြေအတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတိုးဝင်း၊ တာမွေ မဲဆန္ဒနယ်၏ **တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်ရှိ အလုပ်သမားဆေးရုံကြီး၏ ဆေးကုသဆောင်များအား အမိုးလုံခြုံစေရန်နှင့် လူနာနားနေဆောင်များ၊ ဟောင်းနွမ်းပျက်စီးနေသော ဝန်ထမ်းလိုင်းခန်းများအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **သရက်မြို့နယ်အဆုံးရှိ ဆင်ကော်ကျေးရွာအုပ်စု၊ ဆင်ကော်ရဲစခန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်အင်္ဂါနှင့်ညီညွတ်မှုမရှိခြင်း၊ လုံခြုံမှုမရှိခြင်းများကြောင့် အဆောက်အဦအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစဲကီကော်၊ မိုင်းခတ် မဲဆန္ဒနယ်၏ **မိုင်းခတ်မြို့၊ မြို့မရဲစခန်း၏ လိုအပ်ချက်များဖြစ်သည့် ရဲတပ်သားနှင့်ဝန်ထမ်းမိသားစုများ နေထိုင်နိုင်သော အဆောင်၊ အရာရှိမိသားစုနေထိုင်ရန် အဆောင်တို့အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **ပန်းတောင်းမြို့နယ်အနီးတစ်ဝိုက် ဧရာဝတီမြစ်ကြောင်းအတွက် ရေကြောင်းရဲတပ်ဖွဲ့အား ပန်းတောင်းမြို့နယ် အခြေစိုက်အဖြစ် ဖွဲ့စည်းထားရှိရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဆလိုင်းရီယန်းဗဲလ်၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ်၊ သီးဆဲင်အုပ်စု၊ ဗားလုံ (ဝေဠူဝန်စခန်း) ကျေးရွာတွင် ရဲကင်း သို့မဟုတ် ရဲစခန်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က **"နိုင်ငံ၏ အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း နှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။